# ကံကြီး(တ)ကျေးရွာ

# မြို့သစ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ( ၂၀၁၉ – ၂၀၂၄ )

## ပြုစုရေးဆွဲသူ

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

## ကံကြီး(တ)ကျေးရွာ ၊ မြို့သစ်မြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၀ပြည့်နှစ် ၊ မေလ

မာတိကာ


| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|---|
| ၁။ | စကားချီ | ၄ |
| ၂။ | မြို့သစ်မြို့နယ်၊ ကံဆွယ်ကျေးရွာအုပ်စု၊ ကံကြီး(တ)ကျေးရွာ အရင်းအမြစ်ပြမြေပုံ | ၆ |
| | **ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်** | |
| ၃။ | ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၇ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၄။ | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၉ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| | (ခ) သဘာဝအရင်းအမြစ်များ | |
| ၅။ | ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၀ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | |
| | (ခ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | |
| | (ဂ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (ဃ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| | (စ) ပညာရေး | |
| | (ဆ) ကျန်းမာရေး | |
| | (ဇ) ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| | (ဈ) ကျား/မရေးရာဆက်နွယ်မှု | |
| | (ည) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၁၄ |
| | (က) ရည်မှန်းချက်ပန်းတိုင် | |
| | (ခ) နည်းဗျူဟာများ | |
| ၇။ | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ | ၁၆ |

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ခ ) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်
(ဂ ) အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | ဦးစားပေးစီမံချက်များနှင့် အကောင်းအထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ | ၁၈ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ် | |
| | (ခ ) ကဏ္ဍာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း | |
| | (ဂ ) ဦးစားပေးစီမံချက်များ၏ ဦးစားပေးအဆင့်သတ်မှတ်ခြင်း | |
| | (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ | |
| ၉။ | ဘတ်ချက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် | ၂၀ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ | ၂၁ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ | |
| | (ခ ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း | |
| | (ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ | |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ | |
| ၁၁။ | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၂၂ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | |
| | (ခ) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | |
| | (ဂ ) နည်းပညာဆိုင်ရာအကူအညီများ | |
| ၁၂။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၂၄ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးလက်ရှိခြေအနေသုံးသပ်ရန် ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ | ၃၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာမှ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံကြီး(တ)ကျေးရွာ

မြို့သစ်မြို့နယ်

## ကျေးရွာအရင်းအမြစ်ပြမြေပုံ ၊ မြို့သစ်မြို့နယ်



ရည်ညွှန်း – ကံဆွယ်ကျေးရွာအုပ်စု ၊ ကံကြီး(တ)ကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

## ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၃ ) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သ

ော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ

ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**(၄) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ ၊ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင်အနေအထား**

မကွေးတိုင်းဒေသကြီး ၊ မြို့သစ်မြို့နယ် ၊ ကံဆွယ်အုပ်စု ၊ ကံကြီး(တ)ကျေးရွာသည် တောင်တွင်း-နတ်မောက် ကားလမ်းမကြီး၏ ညာဘက်တွင် တည်ရှိပြီး ဒန့်ဒလွန်ပင် တိုက်နယ် ဆေးရုံသို့သွားသော ကျောက်ချောလမ်း၏လက်ဝဲဘက်တွင် တည်ရှိပါသည်။

ကံကြီး(တ)ကျေးရွာသို့ ရောက်လာသည်နှင့်ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သော ရွှေရောင်များဝင်းအိနေသော ဘုရားငါးဆူကိုလည်း ဖူးမျှော်နိုင်ပါသည်။ ရွာ၏တောင်ဘက်တွင် အခြေခံမူလတန်း စာသင်ကျောင်းလည်းရှိပါသည်။

ကံကြီး(တ)ရွာဦး ရွာထိပ်တွင်လည်း ဘုန်းတော်ကြီးကျောင်းနှင့်တန်ခိုးကြီးသော စေတီ များလည်းရှိပြီး ရေကန်များလည်းရှိပါသည်။ ရွာ၏ ရွာလယ်ခေါင်တွင် မြို့နယ်မှချပေးထားသော ကျန်းမာရေးဆေးပေးခန်းလည်းရှိပါသည်။

ကံကြီး(တ)ကျေးရွာ၏အရှေ့ဘက်တွင် ဖလံတိုင်းကျေးရွာ ၊ ပေပင်ကုန်းကျေးရွာ ၊ အနောက်ဘက်တွင် နတ်မောက်-တောင်တွင်းလမ်းမကြီး ၊ တောင်ဘက်ဖွံ့ဖြိုးရေးလမ်းမကြီးနှင့် မြောက်ဘက် ကံဆွယ်ကျေးရွာများ တည်ရှိပါသည်။

မိုးတွင်းကာလတွင် မိုးရွာသွန်းမှုကြောင့် တစ်ခါတစ်ရံ ရိုးရေများဆင်းလာပြီး ရေကြီးတတ်ပါ သည်။ မိုးရွာသောအခါ မြေပြိုခြင်းများဖြစ်လေ့မရှိပါ။ ကံကြီး(တ)ကျေးရွာ၏ တည်နေရာနှင့်ပထဝီ အနေအထားမှာ ကောင်းမွန်သော တည်နေရာဖြစ်ပါသည်။

ကံကြီး(တ)ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်/ယာစိုက်ပျိုးခြင်းဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

မကွေးတိုင်းဒေသကြီး ၊ မြို့သစ်မြို့နယ် ၊ ကံဆွယ်ကျေးရွာအုပ်စု ၊ ကံကြီး(တ)ကျေးရွာသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိသော ရွာလေးဖြစ်ပါသည်။ ရာသီဥတုအပေါ်ကို အခြေခံ စိုက်ပျိုးစားသောက်သော ကျေးရွာဖြစ်ပါသည်။

မိုးရာသီရောက်သောအခါ စပါးစိုက် ၊ ပြောင်းဖူးစိုက်ရာသီဥတုအပေါ်အခြေခံ၍ စိုက်ပျိုးကြပါသည်။

ဆောင်းရာသီရောက်သောအခါ ကုလားပဲ ၊ မတ်ပဲ ၊ ပဲကြီးအစရှိသော သီးနှံများလည်း စိုက်ပျိုး ကြပါသည်။

နွေရာသီရောက်သောအခါ ပူပြင်းခြောက်သွေ့သော ကာလဖြစ်သောကြောင့် ရန်သူငါးပါးထဲမှ အဆိုးဆုံးဖြစ်သော မီးဘေးအန္တရာယ်ကိုလည်း အထူးဂရုစိုက်ကြရပါသည်။

**၅။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကံကြီး(တ)ကျေးရွာတွင် လူဦးရေ(၃၇၁)ဦးရှိပြီး ကျား(၁၇၃)ဦး နှင့် မ(၁၉၈)ဦးရှိပြီး အိမ်ထောင်စု(၈၇)အိမ်ထောင်စုရှိပါသည်။ ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာလူမျိုးများနေထိုင်သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေမှာ(၇၅%)ရှိပြီး စုစုပေါင်း (၂၅%)ခန့်သာ မှီခိုသူများဖြစ်သည့်အတွက် အလုပ်လုပ်ကိုင်မှု အင်အားကြီးမားပါသည်။ ကျေးရွာရှိ အမျိုးသမီးဦးရေမှာ (၂၅)ဦးသာပိုများပါသည်။

**(ခ) ဖွံ့ဖြိုးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကံကြီး(တ)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ကိုင်သောအဖွဲ့အစည်း (၆)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ (၁)ရပ်မိရပ်ဖအဖွဲ့ (၂) တောင်သူလယ်သမားအဖွဲ့ (၃) အမျိုးသမီးအဖွဲ့ (၄) ပရဟိတလူငယ်အဖွဲ့ (၅) မီးလင်းရေးကော်မတီအဖွဲ့ (၆) ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ဟူ၍ရှိပါသည်။ ၎င်းအဖွဲ့အစည်းများသည် ကျေးရွာနှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပါသည်။ ယခုအခါတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ ထိုကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက်ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစည်းအဝေးများပြုလုပ်ပြီး အစီအစဉ်များရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း ၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း ပြုလုပ်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော အဖွဲ့ခွဲများဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို

အဓိကချိတ်ဆက်ရမည့်အဖွဲ့အစည်း များမှာ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပြင်ပအဖွဲ့အစည်းများအားလုံး ပါဝင်ပါသည်။

**(ဂ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကံကြီး(တ)ကျေးရွာ၏ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေမှာ မိသားစုစားဝတ်နေရေး အတွက် ရုန်းကန်နေရသော မိသားစုများလည်းရှိပါသည်။ မိသားစုအတွက် ပြင်ပသို့ အလုပ်လုပ်နေသူများ ၊ နှစ်ရှည်ပြည်ပသို့ မိသားစုအတွက် အလုပ်ထွက်လုပ်သူများလည်းရှိပါသည်။

မိသားစုစားဝတ်နေရေးအတွက် လက်သမားလုပ်သော အိမ်ထောင်စု ၊ လေထိုးကျွတ်ဖာ ၊ ဝါရိန်လုပ်ငန်း ၊ စက်ချုပ်ပြီးအသက်မွေးသူများလည်း ရှိကြပါသည်။

ကံကြီး(တ)ကျေးရွာအတွင်းရှိ ကျေးရွာသူ ၊ ကျေးရွာသားများမှာလည်း ကူးသန်းရောင်းဝယ်ရေး ၊ ဆန်စပါးများ ၊ ပဲများ ၊ ဈေးသည်များလည်း စီးပွားရေးအခြေအနေကြောင့် အသက်မွေးနေထိုင်ကြသူများလည်းရှိကြပါသည်။

ကံကြီး(တ)ကျေးရွာတွင် လယ်/ယာမြေစိုက်ပျိုးသူဦးရေ (၈၇)ဦးရှိပြီး အခြားစီးပွားရေးလုပ်ငန်းများအနေဖြင့် မွေးမြူရေး ၊ ကုန်စုံဆိုင် ၊ လေထိုးကျွတ်ဖာ ၊ သံပန်း ၊ သံတံခါး ၊ စတီးပရိဘောဂလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မွေးမြူရေးအနေဖြင့် နွားနှင့်ဝက်များသာမွေးမြူကြပြီး ကြက်မွေးမြူရေးအား အနည်းငယ်သာလုပ်ကိုင်ပါသည်။ ကျေးရွာအတွင်းတွင် ကုန်စုံဆိုင်(၂)ဆိုင်ရှိပြီး ရောင်းဝယ်မှုမှာ အသင့်အတင့်သာရှိပါသည်။လေထိုးကျွတ်ဖာလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၂)စုရှိပြီး စီးပွားရေးအခြေအနေမှာ အသင့်အတင့်ရှိပါသည်။ သံပန်း ၊ သံတံခါးစီးပွားရေးလုပ်ကိုင်သူ (၂)ဦးရှိပြီး လုပ်ငန်းစတင်ကာစဖြစ်၍ လုပ်ကိုင်မှုနည်းပါးပါသည်။ စတီးပရိဘောဂလုပ်ကိုင်သူ (၁)ဦးရှိပြီး အုတ်ဖိနပ် နှင့် ကျောက်စည်များပါ တွဲဖက်လုပ်ကိုင်သောကြောင့် စီးပွားရေးအဆင်ပြေပါသည်။

စိုက်ပျိုးရေးအနေဖြင့် စပါးအား အဓိကစိုက်ပျိုးပြီး စပါးပြီးပါက ကုလားပဲနှင့်မတ်ပဲများ စိုက်ပျိုးကြပါသည်။ ယာမြေများတွင် နှမ်း ၊ ပဲတီစိမ်း ၊ ဝါ ၊ ပဲကြီးများစိုက်ပျိုးကြပြီး စီးပွားရေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

**(ဃ) အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကံကြီး(တ)ကျေးရွာသည် တောင်တွင်းကြီး-နတ်မောက်ကားလမ်းမကြီး၏ညာဘက်ခြမ်းတွင် တည်ရှိပြီး ကျေးရွာတွင် အဓိက အသုံးပြုသော ရွာအဝင်လမ်းမှာ တောင်မှမြောက်သို့ ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်ပြီး တောင်မြောက်လမ်းသွယ်(၄)ခု နှင့် အရှေ့နောက်လမ်းသွယ်(၂)ခု

ရှိပါသည်။ ရွာဝင်လမ်း နှင့် ထိပ်တိုးလမ်းမကြီးဖြစ်သည့် ရွာတွင်းလမ်းမကြီးမှတဆင့် ရွာဦးရွာထိပ်ရှိသော ဘုန်းတော်ကြီးကျောင်းသို့ သွားသည့်လမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ ထိုဘုန်းတော်ကြီးကျောင်းဝန်းအတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တူးဖော်ပေးထားသော အဝီစိရေတွင်းလည်းရှိပါသည်။ ဤလမ်းမှာ မိုးရာသီတွင် သွားလာရန် အခက် အခဲအနည်းငယ်ရှိပါသည်။ ကျေးရွာအတွင်းရှိ လမ်းသွယ်များမှာ အလွန်ကျဉ်းမြောင်း၍ ကားအဝင်အထွက် ပြုလုပ်ရန် နှင့် သွားလာရန် အခက်အခဲရှိပါသည်။ ကျေးရွာအတွင်း မီးလင်းရေးအတွက် (၄၀၀)ဗို့အားလိုင်း မီးတိုင်များ တည်ဆောက်ပြီးဖြစ်ပြီး အိမ်တွင်းမီးကြိုးများလည်း သွယ်တန်းပြီးဖြစ်ပါသည်။ ကျေးရွာမီးလင်းရေးအတွက် (၄၀၀)ဗို့အားလိုင်း တည်ဆောက်ရန် ကုန်ကျစရိတ်များအားလုံးကို အိမ်ထောင်စုအားလုံးအား အချိုးကျ တာဝန်ယူပြီး ငွေကြေးထည့်ဝင်ရပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ကံကြီး(တ)ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မြို့သစ်မြို့နယ် ၊ ကံဆွယ်အုပ်စု ၊ ကံကြီး(တ)ကျေးရွာလေးဖြစ်ပါသည်။ မြို့သစ်စိုက်ဘဏ်မှ ထုတ်ချေးသော ငွေကြေးများကိုလည်း သုံးစွဲသော ရွာလေးဖြစ်ပါသည်။ စိုက်ဘဏ်မှ စိုက်ပျိုးငွေထုတ်ချေးရာတွင် အပေါင်ခံပစ္စည်းများအနေဖြင့် တောင်သူကြီးများပိုင်ဆိုင်သော လယ်/ယာမြေ ပုံစံ(၇)ကို ထားရှိပြီးမှ တောင်သူများကို စိုက်ပျိုးငွေများကို ထုတ်ချေးပေးပါသည်။ စိုက်ဘဏ်မှ ထုတ်ချေးပေးသောငွေများမှာ အတိုးနှုန်းသက်သာလှပါသည်။ တောင်သူများမှ စိုက်ဘဏ်မှ ထုတ်ချေးပေးသော စိုက်ပျိုးငွေများကို (၆)လကြာမြင့်စွာသုံးစွဲရပါသည်။စိုက်ပျိုးငွေကို(၆)လပြည့်သောအခါ အရင်းနှင့်အတိုးကို တစ်ခါတည်းပြန်လည်ပေးဆပ်ရပါသည်။ မြန်မာစိုက်ပျိုးရေးဘဏ်မှ ဦးရေ(၄၈)ဦးမှ စုစုပေါင်း(၃၈၉၀၀၀၀၀)ခန့်ချေးယူထားရှိပါသည်။

ကံကြီး(တ)ကျေးရွာသည် မြို့သစ်မြို့နယ်ရှိ သ/မ မှ ထုတ်ချေးသော ငွေကြေးများကိုလည်း ထုတ်ယူသုံးစွဲသော ကျေးရွာလေးဖြစ်ပါသည်။ သ/မမှထုတ်ချေးသောငွေသည် တောင်သူများအပေါ် အပေါင်ခံပစ္စည်းများ မတောင်းယူသော သ/မအသင်းဖြစ်ပါသည်။ သ/မအသင်းမှလည်း ငွေကြေးဝန်ဆောင်မှုကို အတိုးနှုန်းသက်သာစွာ(၆)လတစ်ကြိမ် ထုတ်ချေးပေးသော ဘဏ်နှင့်ဝန်ဆောင်မှုများပြုလုပ်သော သ/မအသင်းလည်းဖြစ်ပါသည်။ မြို့နယ်သ/မဦးစီးဌာနမှ လူဦးရေ(၄၁)ဦး မှ တစ်ဦးလျှင်(၁၈၂၀၀၀)နှုန်းဖြင့် စုစုပေါင်း(၇၄၆၂၀၀၀)ချေးယူသုံးစွဲပါသည်။

**(စ) ပညာရေး**

ကံကြီး(တ)ကျေးရွာတွင် အမက-အခြေခံပညာဦးစီးဌာနကျောင်းရှိပါသည်။ ကံကြီး(တ) ကျေးရွာ ပညာရေးအခြေအနေမှာ ကျေးရွာငယ်လေးဖြစ်သောကြောင့် ကျောင်းသား/ကျောင်းသူ

များနည်းခြင်းဖြစ်ပါသည်။ ကျေးရွာ၏ စာသင်ကျောင်းမှာ ရွာနှင့်အကွာအဝေးမိုင်မှာ(၁)ဖာလုံခန့် သာရှိပြီး စာသင်ကျောင်းအဆောက်အဦးမှာ (အလျား ၃၅ x အနံ ၂၇ ) စတုရန်းရေိယာရှိပြီး သွပ်မိုး၊ အုတ်တက် ၊ သမံတလင်းဖြစ်ပြီး အရည်အသွေးအသင့်အတင့်ရှိပါသည်။ ကျောင်းတွင် ပရိဘောဂ ပစ္စည်းများ လုံလောက်မှုမရှိခြင်း ၊ ကျောင်းသား/ကျောင်းသူများအတွက် ဖူဆို အားကစားကွင်းမရှိ ခြင်း၊ ကျောင်းခြံစည်းရိုးများလုံခြုံမှုမရှိခြင်း ၊ ကျောင်းဝိုင်းအတွင်းရှိ ဆားဗစ်အိမ်သာများအသင့် အတင့်ရှိပါသည်။ ကျေးရွာသေးငယ်လှသော်လည်း ကျေးရွာအတွင်းရှိ မိဘများမှလည်း သား၊သမီး များကို ပညာရေးဆုံးခန်းတိုင်အောင်လည်း ထားရှိပါသည်။ စာသင်ကျောင်းမှာ ကျောင်းဆရာ(၁) ဦးနှင့် ကျောင်းဆရာမ(၃)ဦးလည်းရှိပြီး ကျောင်းသား/ကျောင်းသူများကိုလည်း ဆရာ/ဆရာမများ ကလည်း မိမိရင်သွေးငယ်မခြားနွေးထွေးစွာစောင့်ရှောက် ပညာသင်ကြားပေးပါသည်။ ကျောင်းသား / ကျောင်းသူဦးရေမှာ)(၃၀)ဝန်းကျင်သာရှိပါသည်။ ကျေးရွာစာသင်ကျောင်း ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများကိုလည်း ကျေးရွာအတွင်းမှ မိဘပြည်သူများကလည်း အာဟာရ တိုက်ကျွေးမှုများ (၂)လ တစ်ကြိမ်တိုက်ကျွေးမှုများ ပြုလုပ်ပါသည်။ စာသင်ကျောင်းတွင် လျှပ်စစ်မီး မရရှိသေးပါ။ ရေသုံးစွဲမှုမှာ လက်နှိပ်တုံကင်တွင်းဖြစ်ပြီး သောက်ရေနှင့် သုံးရေအား လုံလောက်စွာ သုံးစွဲရရှိနိုင်ပါသည်။ ကံကြီး(တ)ကျေးရွာမှ အလယ်တန်းနှင့်အထက်တန်းတက်ရောက်မည့် ကလေး များသည် ငွေးကုန်း – အထက(ခွဲ)ကျောင်း နှင့် တောင်တွင်းကြီးမြို့များသို့ သွားရောက် ပညာသင် ကြားရပါသည်။ တက္ကသိုလ်တက်ရောက်သော ကျောင်းသူ/ကျောင်းသားများသည် ကံကြီး(တ) ကျေးရွာနှင့် (၅၅)မိုင်ခန့်ဝေးသော မကွေးမြို့သို့ သွားရောက် ပညာသင်ကြားရပါသည်။

**(ဆ) ကျန်းမာရေး**

ကံကြီး(တ)ကျေးရွာ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပြီး လက်ရှိဆေးခန်းမှာ အုတ်တက် ၊ သွပ်မိုး ၊ တမံသလင်းခင်းဖြစ်ပြီး အမိုး၊ အကာ ၊ အခင်းမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာဆေးခန်းတွင် ဆေးများထားရှိရန် ပရိဘောဂပစ္စည်းများလုံလောက်မှုမရှိခြင်း ၊ ဆေးခန်းရှိ ဆရာမမှာ(၁၀)ရွာသွားရောက် ကျန်းမာရေး ဆေးများထိုးပေးခြင်း ၊ ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေးခြင်းများလည်း လစဉ်တိုက်ကျွေးခြင်း များ ပြုလုပ်ပါသည်။ ကျန်းမာရေးဆရာမမှာ မိန်းမသားဖြစ်သောကြောင့် မိုးရာသီကာလတွင် သွားရေးလာရေးအခက်အခဲများလည်း ကြုံတွေ့ရပါသည်။ ကျန်းမာရေးဆေးပေးခန်းရှိ အိမ်သာမှာ သွပ်မိုး ၊ သွပ်ကာဖြင့် ပြုလုပ်ထားသော ယင်လုံအိမ်သာတစ်လုံးတည်းရှိပါသည်။ ကံကြီး(တ) ကျေးရွာအတွင်းရှိ အိမ်ထောင်စုတွင် အားလုံးတိုင်းမှ မိသားစုဝင်အားလုံးသည်လည်း မိမိကျန်းမာ ရေးထက် မိသားစုဝင်တိုင်းရဲ့ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ပါသည်။ ကံကြီး(တ)ကျေးရွာမှ

ဒန့်ဒလွန်ပင်တိုက်နယ်ဆေးရုံသို့ မိုင်အကွာအဝေးမှာ (၃)မိုင်ခန့်ရှိပြီး သွားရေးလာရေးလမ်းမှာလည်း ကျောက်ချောလမ်းဖြစ်ပြီး လမ်းအနေအထားမှာလည်း အသင့်အတင့်ရှိပါသည်။တိုက်နယ်ဆေးရုံသို့ ဆိုင်ကယ်/သုံးဘီးဆိုင်ကယ်များလည်း သွားလာရလွယ်ကူပါသည်။ တိုက်နယ်ဆေးရုံရှိ ဆေးဝါးများ မှာလည်းအထူးကောင်းမွန်သောကြောင့် ရွာနီးချောက်စပ်ရှိ အများပြည်သူများမှာလည်း တိုက်နယ် ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ကောင်းမွန်စွာတက်ရောက်သူများရှိပါသည်။ တိုက်နယ် ဆေးရုံမှ မနိုင်သော အရေးကြီးလူနာများကို ကံကြီး(တ)ကျေးရွာမှ (၄)မိုင်ကွာဝေးသော တောင်တွင်းကြီးမြို့ရှိ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသမှု ပြုလုပ်ရပါသည်။ ဆေးရုံသို့သွား ရောက်ကုသရာတွင် ခရီးအတွက် ကုန်ကျမှုမှာ နှစ်သောင်းခွဲ(သို့) ကျပ်သုံးသောင်းနီးပါးကုန်ကျမှု ရှိပါသည်။

## (ဓ) လူငယ်နှင့်ယဉ်ကျေးမှု

ကံကြီး(တ)ကျေးရွာအတွင်းရှိ လူငယ်များမှာ ကျေးရွာအတွင်းရှိ သာရေး/နာရေး/ဘာသာ ရေး လုပ်ငန်းများမှာလည်း စိတ်အားထက်သန်စွာ ကိုယ်ကျိုးမကြည့်ပဲ အများအကျိုးကို အားသွန် ခွန်စိုက် ဝိုင်းဝန်းပါဝင် ကူညီတတ်သောလူငယ်လေးများဖြစ်ပါသည်။

ကံကြီး(တ)လူငယ်များမှာ ကြီးသူကို ရိုသေ / ရွယ်တူကိုလေးစား / ငယ်သူများကို သနားဆို သော ဆောင်ပုဒ်နှင့်အညီ ယဉ်ကျေးပျူငှာလှပါသည်။ ကံကြီး(တ)လူငယ်များသည် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ ညတိုင်း ကံကြီး(တ)ကျေးရွာ၏ ဘုရားစေတီပုထိုးများကိုလည်း ဆီမီး (၂၀၀၀)ကျော် ဆီမီးပူဇော်ကြပါသည်။

ကျေးရွာ၏ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်အပ်သော တန်ခူးလရောက်တိုင်း သင်္ကြန်ပွဲများကို ယဉ်ကျေးသိမ်မွေ့စွာ ကျင်းပပြုလုပ်ကြပါသည်။ကျေးရွာအတွင်းမှာလည်း လူငယ်အမျိုးသား ၊ အမျိုးသမီးလေးတို့သည် ပရဟိတအသင်းကို တည်ထောင်ထားပါသည်။

ကံကြီး(တ)ကျေးရွာတွင် လူငယ်များ အသိပညာနှင့် အတတ်ပညာများလေ့လာသင်ယူရန် စာကြည့်တိုက်တည်ဆောက်ထားခြင်းမရှိပါ။ ကံကြီး(တ)ကျေးရွာတွင် စာကြည့်တိုက်နှင့်ပရိဘောဂ ပစ္စည်းများ ၊ စာအုပ်စာပေများလိုအပ်လျှက်ရှိပါသည်။ လူငယ်များအတွက် အတတ်ပညာအနေဖြင့် လည်း လယ်သမားသင်တန်းအား စိတ်ဝင်စားမှုရှိပြီး လက်တွေ့အသုံးချနိုင်မည်ဖြစ်ပါသည်။

## (ဈ) ကျား/မရေးရာဆက်နွယ်မှု

ကံကြီး(တ)ကျေးရွာအတွင်းရှိ လူငယ်များသည် ကျေးရွာ၏ သာရေး/နာရေးအစရှိသော ကိစ္စအဝဝကို စိတ်ပါဝင်စားစွာ စေတနာ/ဂရုဏာရှေ့ထားပြီးအများအကျိုးကို အားသွန်ခွန်စိုက် လုပ်ကိုင်ပေးတတ်ကြပါသည်။

အမျိုးသမီးလေးများသည်လည်း ကျေးရွာ၏ သာရေး/နာရေးအစရှိသော မိသားစုအစရှိသော နေ့စဉ်စားသုံးနေသော အစားအစာများကိုလည်း ကျန်းမာရေးနှင့်ညီညွတ်အောင် မိသားစုများကို ချက်ပြုတ်ကျွေးမွေးကြပါသည်။

ကံကြီး(တ)ကျေးရွာအတွင်းရှိ အမျိုးသားလေးများသည် ကျေးရွာအတွင်းရှိ မိန်းခလေးများကို အမလို/နှမများလို ပျူငှာစွာဆက်ဆံကြပါသည်။ ကံကြီး(တ)ကျေးရွာလေးမှာ သေးငယ်လှသော် လည်း တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင် နှင့် နေထိုင်သွားသော ကျေးရွာလေးဖြစ်ပါသည်။

ကံကြီး(တ)ကျေးရွာအတွင်း အမျိုးသား(၁၇၃)ဦးနှင့် အမျိုးသမီးဦးရေ (၁၉၈)ဦးရှိပါသည်။ အမျိုးသမီးဦးရေ(၂၅)ဦးသာပိုများပါသည်။ ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်ပါသည်။

**(ည) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကံကြီး(တ)ကျေးရွာအတွင်းရှိ ယခုလက်ရှိ အုပ်ချုပ်နေသောအုပ်ချုပ်ရေးမှူးမှာလည်း ကျေးရွာသူ/ကျေးရွာသားများအပေါ်တွင် မိသားစုများပမာ တည်ငြိမ်အေးချမ်းစွာ အုပ်ချုပ်သော အုပ်ချုပ်ရေးမှူးတစ်ယောက်ဖြစ်ပါသည်။

ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများမှာလည်း ကျေးရွာရှိ မိသားစုများကို မိသားစုကဲ့သို့ တည်ငြိမ် အေးချမ်းမှုများဖြစ်အောင် ကျေးရွာသူ/ကျေးရွာသားများကို အုပ်ချုပ်ရေးမှူးနှင့် တိုင်ပင်ဆွေးနွေးပြီး ကျေးရွာ၏လုံခြုံရေးကို အထူးဂရုစိုက်ဆောင်ရွက်ပေးသော ရပ်မိရပ်ဖများဖြစ်ကြပါသည်။

ကံကြီး(တ)ကျေးရွာလေးသည် သေးငယ်လှသော်လည်း အုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖများ၏ ဆုံးမသွန်သင်သော ကျေးရွာလေးဖြစ်ပြီး တည်ငြိမ်အေးချမ်းသော ကျေးရွာလေးဖြစ်ပါသည်။

**(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင် ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ၂၀၂၄ခုနှစ်တွင် မိမိတို့ကျေးရွာအတွင်းတွင် အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးသွယ်တန်း အသုံးပြုနေပြီးဖြစ်ရမည်။ ကျေးရွာ၏ အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ ကျေးရွာတွင် လမ်းများအားလုံး ကျောက်ချောလမ်းများအဖြစ် ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောင်များ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်းစသည့် လူမှုအခြေခံ အဆောက်အဦးများ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်တက်နေပြီး ဖြစ်ရမည်။

(၂) ၂၀၂၄ ခုနှစ်တွင် မိမိတို့ကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ တိရိစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးတက်လာ ရမည်။

(၃) ပညာရည်တက်မြောက်မှု မြင့်မားလာအောင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ကြောင့် ကျေးရွာလူငယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရမည်။

## (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေး စသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန် များကို ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။
- 
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လက်ရှိလိုအပ်နေသော အရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေ ထူထောင်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

- ကျေးရွာတွင် လက်ရှိရွာတွင်းလမ်းများ ပျက်စီးခြင်း၊ စာသင်ကျောင်းဆောင် လုံလောက်မှု မရှိခြင်း၊ ကျေးရွာဆေးခန်းတွင် ဆေးခန်းသုံးပစ္စည်းနှင့်ကုတင် လုံလောက်မှုမရှိခြင်း၊ စိုက်ပျိုးရေအတွက်လည်း နည်းပညာနှင့် မျိုးကောင်းမျိုးသန့်လိုအပ်ချက်များရှိသဖြင့် ပြည့်စုံမှုမရှိကြပါ။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်း ဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ဖွံ့ဖြိုးရေး အဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။
- ကျေးရွာရေရှည် ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင် တက်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် များ ရေးဆွဲ၍ အကောင်အထည်ဖော်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်။ ထိုသို့ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရင်းအနှီး မတက်နိုင်ခြင်း၊ အဆက်အသွယ်အားနည်း ခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင် အထည်ဖော်ရေး အစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား

အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

မိမိတို့ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ မရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များ အတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သား များ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန် ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ် ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်တော်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်မွေး ထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကိုလည်း မြှင့်တင်ပေးခြင်းဖြင့် စက်ရုံများ တည်ထောင်ခြင်း ဖြင့် ထွက်ကုန်များကို တန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင် ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## (ဓ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း

ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျွန်တော်တို့ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အခြေခံ၍ အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**မြို့သစ်မြို့နယ်၊ ကံဆွယ်ကျေးရွာအုပ်စု၊ ကံကြီး(တ)ကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်မှ ဦးစားပေးအဆင့်သတ်မှတ်ခြင်း**

| စဉ် | စီမံချက်အမည် | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၃) | အမှတ်ပေးသူ (၄) | အမှတ်ပေးသူ (၅) | အမှတ်ပေးသူ (၆) | အမှတ်ပေးသူ (၇) | အမှတ်ပေးသူ (၈) | အမှတ်ပေးသူ (၉) | အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၉ | ၉ | ၈ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၈၉ | ၂ |
| ၃ | ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း | ၈ | ၈ | ၇ | ၈ | ၈ | ၇ | ၅ | ၈ | ၈ | ၇ | ၇၄ | ၃ |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၉ | ၉ | ၉ | ၆ | ၆ | ၅ | ၇ | ၆ | ၇ | ၈ | ၇၂ | ၄ |
| ၅ | အားကစားကွင်းဆောင်ရွက်ခြင်း(ဖူဆို) | ၇ | ၇ | ၅ | ၇ | ၅ | ၄ | ၆ | ၇ | ၆ | ၆ | ၆၀ | ၈ |
| ၆ | အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်း(လက်သမား/စက်ချုပ်) | ၉ | ၉ | ၈ | ၅ | ၇ | ၃ | ၅ | ၅ | ၃ | ၅ | ၅၉ | ၉ |
| ၇ | စာသင်ကျောင်းခြံစည်းရိုးဆောင်ရွက်ခြင်း | ၆ | ၆ | ၅ | ၇ | ၈ | ၈ | ၈ | ၇ | ၄ | ၃ | ၆၂ | ၆ |
| ၈ | ရွာလယ်လမ်း(ရ/န)ခင်းခြင်း | ၇ | ၅ | ၇ | ၆ | ၉ | ၇ | ၇ | ၈ | ၂ | ၆ | ၆၄ | ၅ |
| ၉ | ဘုန်းတော်ကြီးကျောင်းသွားလမ်းခင်းခြင်း | ၉ | ၆ | ၅ | ၅ | ၅ | ၆ | ၇ | ၅ | ၁ | ၃ | ၅၂ | ၁၀ |
| ၁၀ | ရွာမြောက်ပိုင်းလမ်းခင်းခြင်း | ၆ | ၇ | ၆ | ၈ | ၆ | ၅ | ၆ | ၆ | ၅ | ၆ | ၆၁ | ၇ |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း(project) | ဦးစားပေး အဆင့် | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ | ၂၀၂၃ ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၂ | ✓ | | | | |
| ၃ | ကုန်ထုတ်လမ်းဆောင်ရွက်ခြင်း | ၃ | | ✓ | | | |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၄ | | | ✓ | | |
| ၅ | ရွာလယ်လမ်း(ရ/န)ခင်းခြင်း | ၅ | | | | ✓ | |
| ၆ | စာသင်ကျောင်းခြံစည်းရိုးဆောင်ရွက်ခြင်း | ၆ | | ✓ | | | |
| ၇ | ရွာမြောက်ပိုင်းလမ်းခင်းခြင်း | ၇ | | | | | ✓ |
| ၈ | အားကစားကွင်းဆောင်ရွက်ခြင်း(ဖူဆို) | ၈ | | | ✓ | | |
| ၉ | အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်း(လက်သမား/စက်ချုပ်) | ၉ | | | | ✓ | |
| * ၁၀ | ဘုန်းတော်ကြီးကျောင်းသွားလမ်းခင်းခြင်း | ၁၀ | | | | | ✓ |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ

များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာမူလွန်ကျောင်း၏ ပညာအရည်အသွေး တိုးတက်ကောင်းမွန်ရန်နှင့် ကျောင်း၏လိုအပ်ချက်များကို တင်ပြတောင်းခံနိုင်ရန် တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ – ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် မူလွန်ကျောင်း ၏ စာသင်ကျောင်းဆောင် အသစ်တည်ဆောက်ရန်နှင့် ကျောင်းဆောင်ပြုပြင်တည်ဆောက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ကြီးကြပ်၍ စည်းကမ်းချက်များထုတ်ပြန်ခြင်း ၊ ရွာတွင်လမ်းဘေးနေအိမ်များမှလည်း လမ်းပျက်စီးစေမည့် အကြောင်းအရာများ မပြုလုပ်ရန် ပိုင်ရှင်စိတ်ဓါတ်ဖြင့် ထိန်းသိမ်းသွားစေပါမည်။ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားပါက ကျေးရွာပိုင်ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို ရက်သတ္တပတ်(၁)ပတ်(၁)ကြိမ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ

သည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ ရက်သတ္တပတ်(၁) ပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ ရက်သတ္တပတ်(၁)ပတ်(၁)ကြိမ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- ရက်သတ္တပတ်(၁)ပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရက်သတ္တပတ်( ၁ )ပတ်( ၁ )ကြိမ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ် သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ –

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊

• ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ – မြို့နယ်အတွင်းရှိ အန်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ(ခ)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁နှစ်အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ |
| ၁နှစ် မှ ၄နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၉ | ၁၉ | ၂၈ |
| ၅နှစ် မှ ၉နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၈ | ၂၀ |
| ၁၀နှစ် မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၄ | ၂၉ |
| ၁၅နှစ် မှ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၀ | ၁၄၅ | ၂၇၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၁၀ | ၁၅ |
| **စု စု ပေါင်း** | | **၁၇၃** | **၁၉၈** | **၃၇၁** |
| **စု စု ပေါင်း အိမ် ထောင် စု** | | **၈၇** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

လေ့လာတွေ့ရှိချက်။ ။ ကံကြီး(တ)ကျေးရွာတွင် အိမ်ထောင်စု(၈၇)စုရှိပါသည်။အလုပ် လုပ်နိုင်သောဦးရေမှာ(၂၇၅)ဦး (၇၄%)ခန့်ရှိပါသည်။ ကျေးရွာတွင် ကျား(၁၇၃)ဦးနှင့် မ(၁၉၈)ဦး ရှိပြီး စုစုပေါင်း(၃၇၁)ဦးရှိပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | **စိုက်ပျိုးစီးပွားလုပ်ငန်းများ** | | | | |
| | လယ်ယာစိုက်ပျိုးရေး | | | | |
| ၁ | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၂၇၅ | ၄၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | ၄၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| ၂ | ကိုယ်ပိုင်လုပ်ငန်း | ၈၇ | ၂၇၅ | ၈၇ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငံငါး/ပုဇွန်စသော ရေသတ္တဝါများ ဖမ်းခြင်း ၊ မွေးမြူခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | - | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၅ | - | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၁ | **လက်လီလက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး ၊ သိုလှောင်ရေး နှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၅ | **အိမ်ခြံမြေယာဥ်စက်ကိရိယာရောင်းဝယ် ငှားရမ်းခြင်းနှင့်ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁ | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁ | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင်အငှားလိုက်လုပ်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ကျပန်း/ ရာသီအလိုက်အလုပ်သမား | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | **စုစုပေါင်း** | | | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"** အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း** ကောက်ယူခြင်းမပြုရ။ **"ရပ်တည်နိုင်မှု (နိမ့် ၊ လတ် ၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ကိုင်လုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကို ဆိုလိုပါသည်။ ဥပမာ-**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည် ၊ ဝင်ငွေကောင်းသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက် ။** ။ ကံကြီး(တ)ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်သူ အိမ်ထောင်စု(၄၀)စု ရှိပြီး လက်သမားပန်းရံ ဆရာ(၂)ဦးရှိပြီး နောက်လိုက်(၅)ဦးရှိပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးတွင် ရာသီပေါ်သီးနှံများသာအရောင်းအဝယ်လုပ်ကိုင်ကြပြီး အမြဲတမ်းအရောင်းအဝယ်(ပွဲစား) လုပ်ကိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မ အလိုက် အနည်းဆုံး နှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား(၃) လုပ်ငန်းနှင့်ကျား ၊ မ အလိုက် အနည်းဆုံး နှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ခြင်း | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု ၊ လယ်သမားအုပ်စု ၊**
မှတ်ချက်(၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီဖြင့်ရသော အလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကံကြီး(တ)ကျေးရွာတွင် လုပ်အားခအနည်းများမှာ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခအနည်းငယ် နည်းကြောင်း တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၀၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | ၄၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စု စု ပေါင်း** | **၄၄၁** | |

**ရင်းမြစ်....(၁)** အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု ၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နေသည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကံကြီး(တ)ကျေးရွာ၏လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နိုင်သော မြေဧရိယာမှာ(၄၄၁)ဧကရှိပြီး လယ်မြေဧကမှာ(၄၀၁)ဧကရှိပြီး စိုက်ပျိုးမြေအမျိုးအစားမှာ အသင့်အတင့်ရှိပြီး ယာမြေဧက(၄၀)ရှိပြီး ယာမြေအမျိုးအစားမှာ စိုက်ပျိုးရန် အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| မြေအမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ(ဓါတ်ငွေ့၊ ရေနံ၊ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ |

**ရင်းမြစ်.....** ဦးတည်အုပ်စု ဆွေးနွေးခြင်း ရပ်မိရပ်ဖအုပ်စု ၊ သစ်တောဦးစီးဌာန ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ။

လေ့လာတွေ့ရှိချက်။ ။ ကံကြီး(တ)ကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃၀ဧက-၅၀ဧက | ၅ဧက-၃၀ဧကထိ | ၅ဧကအောက် | |
| အိမ်အခြေအနေ | အုတ်ညှပ်တိုက် | တိုက်ခံအိမ် | ထရံကာ/သွပ်မိုး | မြေစိုက် |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | လယ်ထွန်စက် အသေး၊စပါးခြွေစက် နွားစာစင်းစက်၊စပါး ကြိတ်စက် | ရေတင်စက် သုံးဘီး ထော်လာဂျီ | ပေါက်ပြား ဂေါ်ပြား နွားလှည်း | - |
| အဓိကစီးပွားရေးလုပ်ငန်း | တောင်သူကြီး | တောင်သူလေး | ပွဲကျ | လက်လုပ်လက်စား |
| အိမ်ထောင်စု | ၁၁ | ၃၅ | ၃၆ | ၅ |

**ရင်းမြစ်....(၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်းနှင့် တောင်သူကြီးများ၏လယ်မြေ ၊ ယာမြေပိုင်ဆိုင်မှုအများဆုံးမှာ ဧက (၅၀)အထိ သာရှိကြောင်းတွေ့ရှိရပါသည်။

**(င)ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ(ဥစ္စာ ဓနအဆင့် "၃" နှင့်"၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃လအောက် | | အခြားအစာပြောင်းလဲစား = ------------------ |
| ဝမ်းစာဖူလုံမှု | | အစားလျှော့စား = ------------------ |
| | | အထောက်အပံ့ယူ = ------------------ |
| | | ချေးယူ = ------------------ |
| | | လုပ်အားခကြိုယူ = ------------------ |
| | | အခြားအစာပြောင်းလဲစား = ------------------ |
| ၃လနှင့်၆လကြား | | အခြားအစာပြောင်းလဲစား = ------------------ |
| ဝမ်းစာဖူလုံမှု | | အစားလျှော့စား = ------------------ |
| | | အထောက်အပံ့ယူ = ------------------ |
| | | ချေးယူ = ------------------ |
| | | လုပ်အားခကြိုယူ = ------------------ |
| | | အခြားအစာပြောင်းလဲစား = ------------------ |
| ၆လ မှ ၁၂လအထိ | | အခြားအစာပြောင်းလဲစား = ------------------ |
| ဝမ်းစာဖူလုံမှု | | အစားလျှော့စား = ------------------ |
| | | အထောက်အပံ့ယူ = ------------------ |
| | | ချေးယူ = ------------------ |
| | | လုပ်အားခကြိုယူ = ------------------ |
| | | အခြားအစာပြောင်းလဲစား = ------------------ |

**ရင်းမြစ် .... ဥစ္စာဓနအဆင့်"၃" နှင့်"၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ -

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို<br>၆၄နှစ် နှင့် အထက် | – | – | – |
| မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်သည့်ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | – | – | – |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | – | – | – |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် | – | – | – |
| ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော အသက်(၆၄)နှစ်အထက်လူကြီးများ ၊ မသန်မစွမ်းပုဂ္ဂိုလ်များမရှိပါ။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေစိုက်ပျိုးရေ) | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် မိုးတွင်းကာလမိုးကြီးသောအခါတွင် ကျေးရွာ၏တောင်ဘက်ခြမ်းတွင်ရေကြီးမှုဖြစ်ပေါ်တတ်ပါသည်။ ကျေးရွာတွင် တီဘီရောဂါခံစားနေရ သူ(၁)ဦးရှိသော်လည်း ကျန်းမာရေးဌာနမှ ဆေးများပုံမှန်စားသောက်ခြင်းကြောင့် ရောဂါအသင့် အတင့် ပျောက်ကင်းနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (prone to accident)တွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၅ | လှည့်လည်သွားလာဈေးရောင်းသူများ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

**ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ။ ထိခိုက်မှု အန္တရာယ် နိမ့်၊လတ်၊မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၎င်း ပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့် ၊ လတ် ၊ မြင့် သတ်မှတ်ရန်ဖြစ်သည်။

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စု(၁)စုရှိပြီး စီးပွားရေးအဆင်မပြေပါသဖြင့် ကျေးရွာမှဆောက်လုပ်ပေးထားသော အိမ်တွင်နေ၍ တစ်နေ့လုပ်မှတစ်နေ့စားရသူဖြစ်ပါသည်။ တောင်သူများတွင်လည်း ရာသီပေါ်သီးနှံများ စိုက်ပျိုးနေချိန်တွင် မိုးကြီးသောအခါ မိုးရေနှင့် ဆည်ရေတစ်ပြိုင်နက်တည်းဝင်ရောက်သောကြောင့် သီးနှံပျက်စီးမှုများ ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | နာယက | ၁ ☑ ၂ ☐ ၃ ☐ | ၅ | - | ၅ | ပညာရေး ☑ ငွေကြေး ☐ | ကောင်း ☐ |
| | အဖွဲ့ | | | | | ကျန်းမာရေး ☑ ဘာသာရေး ☑ | သင့် ☑ |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐ | ညံ့ ☐ |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | |
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |
| ၂ | လူငယ် | ၁ ☑ ၂ ☐ ၃ ☐ | ၅ | - | ၅ | ပညာရေး ☑ ငွေကြေး ☐ | ကောင်း ☑ |
| | အဖွဲ့ | | | | | ကျန်းမာရေး ☐ ဘာသာရေး ☐ | သင့် ☐ |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐ | ညံ့ ☐ |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ | |
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | |
| ၃ | အမျိုးသမီး | ၁ ☑ ၂ ☐ ၃ ☐ | ၆ | - | ၆ | ပညာရေး ☐ ငွေကြေး ☐ | ကောင်း ☐ |
| | အဖွဲ့ | | | | | ကျန်းမာရေး ☑ ဘာသာရေး ☑ | သင့် ☑ |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐ | ညံ့ ☐ |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | |
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |
| ၄ | လယ်သမား | ၁ ☑ ၂ ☐ ၃ ☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☑ | ကောင်း ☐ |
| | အဖွဲ့ | | | | | ကျန်းမာရေး ☑ ဘာသာရေး ☐ | သင့် ☑ |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☑ | ညံ့ ☐ |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | |
| | | | | | | လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | ရပ်မိရပ်ဖ အဖွဲ့ | ၁ ☑ ၂ ☐ ၃ ☐ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | ပရဟိတ အဖွဲ့ | ၁ ☑ ၂ ☐ ၃ ☐ | ၆ | ၅ | ၁၁ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☑ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု – လယ်သမားအဖွဲ့ ၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့ ၊ လူငယ်အဖွဲ့ ၊ ကိုယ်ထူကိုယ်ထအဖွဲ့ ။

(၃) ဘာသာရေး နှင့် ယဉ်ကျေးမှုအဖွဲ့ ။

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာမှာ စီးပွားရေးအခြေခံဖြစ်သော လယ်သမား အဖွဲ့ ၊ လူငယ်အဖွဲ့နှင့် လူမှုရေးအဖွဲ့မှာ ပရဟိတလူငယ်အဖွဲ့နှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့မှာ ရပ်မိရပ်ဖနှင့်ဂေါပကအဖွဲ့များ ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စုပေါင်း လုပ်ကိုင်တတ်သော အလေ့အထများရှိကြောင်း တွေ့ရှိရပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☑ |
| | အဖွဲ့ | | ကျန်းမာရေး ☑ ဘာသာရေး ☐ |
| | | | စိုက်ပျိုးမွေးမြူရေး ☑ |
| | | | သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး ☐ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) |
|---|---|---|---|
| ၂ | BNK | ၁☐ ၂☐ ၃☐ ၄☐ ၅☑ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐ |
| | အဖွဲ့ | | ကျန်းမာရေး ☑ ဘာသာရေး ☐ |
| | | | စိုက်ပျိုးမွေးမြူရေး ☐ |
| | | | သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | စထာပနာ | ၁☐ ၂☐ ၃☐ ၄☑ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☑ |
| | အဖွဲ့ | | ကျန်းမာရေး ☐ ဘာသာရေး ☐ |
| | | | စိုက်ပျိုးမွေးမြူရေး ☑ |
| | | | သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | Easy Loss | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☑ ၇☐ | ပညာရေး ☐ ငွေကြေး ☑ |
| | အဖွဲ့ | | ကျန်းမာရေး ☑ ဘာသာရေး ☐ |
| | | | စိုက်ပျိုးမွေးမြူရေး ☐ |
| | | | သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | KEP | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☑ | ပညာရေး ☐ ငွေကြေး ☑ |
| | အဖွဲ့ | | ကျန်းမာရေး ☑ ဘာသာရေး ☐ |
| | | | စိုက်ပျိုးမွေးမြူရေး ☐ |
| | | | သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက် ။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ–ဓမ္မစကူးလ်ဖောင်ဒေးရှင်း ၊ Christain Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ–Care International , Save the Children , Gret , Pact Myanmar စသည် )

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများစု၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့ ၊ ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ(ဥပမာ-GIZ , UKAid USAid , စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး ၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ နည်းဥပဒေ ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း ၊ အသင်း အဖွဲ့များ (ဥပမာ- သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည် ) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုရန်။

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကိုဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ(ပက်)အဖွဲ့မှာ ကျေးရွာ၏စိုက်ပျိုးမွေးမြူရေး ၊ ကျန်းမာရေးအတွက် အထောက်အကူဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧက မှ ၅ဧက ကြား | ၃၆ | တောင်သူငယ် |
| ၄ | ၅ဧက မှ ၁၂.၅ ဧက ကြား | ၃၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၁ | တောင်သူကြီး |
| **ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း** | | **၈၇** | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုအသင့်အတင့် ရှိပြီး မြေယာမဲ့(၂)ဦးမှာ ဝါးထရံနေ့စား လုပ်ကိုင်ခြင်း ၊ စိုက်ပျိုးရေးချိန်များတွင် လက်လုပ်လက်စား လုပ်ကိုင်ခြင်းများလုပ်ကိုင်ကြောင်းတွေ့ရှိရပါသည်။

**အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်မှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု<br>တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | ရေရရှိနိုင်မှု<br>လုံလောက်မှု(ရှိ/မရှိ) (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|
| ၁ | ဆည် | ၄၀၁ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑ | ရှိ ☑ မရှိ ☐ |
| ၂ | ရေလွှဲဆည် | မရှိ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☑ | ရှိ ☑ မရှိ ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၅ | အဝီစိတွင်း | ၁ | တစ်နှစ်ပတ်လုံး ☑<br>ရာသီအလိုက် ☐ | ရှိ ☑ မရှိ ☐ |
| ၆ | လက်ငင်ရေတွင်း | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |

**ရင်းမြစ်...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု (၂) ဆည်မြောင်းဦးစီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာန ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် စိုက်ပျိုးရေးအတွက်လယ်ယာမြေများမှာ ဆည်ရေသောက်များဖြစ်ပါသည်။ အဝီစိတွင်း(၁)တွင်းရှိပြီး ကျေးရွာတွင် တစ်နှစ်ပတ်လုံးသုံးစွဲနိုင်သော်လည်း ကျေးရွာရှိ လူဦးရေဖြင့် လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၄၀၁ | တင်း | ၆၀ | ၁၀ | ၇၀ | ဇူလိုင် | စက်တင်ဘာ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ကုလားပဲ | ၁၀ | ပိဿာ | ၁၆ | ၂၄ | ၂၀ | စက်တင်ဘာ | အောက်တိုဘာလ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ဝါ | ၂၀ | ပိဿာ | ၃၀၀ | ၃၅၀ | ၃၂၀ | ဇူလိုင် | ဩဂုတ် | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |
| နှမ်း | ၂၀ | ပိဿာ | ၁၂ | ၁၅ | ၆ | ဇွန်လ | ဇူလိုင်လ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ပဲကြီး | ၁၀ | ပိဿာ | ၁၂ | ၁၅ | ၉ | စက်တင်ဘာ | အောက်တိုဘာလ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☑ နိမ့်☐ |
| မတ်ပဲ | ၁၀ | ပိဿာ | ၂၄ | ၃၀ | ၉ | စက်တင်ဘာ | အောက်တိုဘာလ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☑ လတ်☐ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် ပဲကြီးနှင့်နှမ်း ၊ ပဲမှာ ယာခင်းတွင် စိုက်ပျိုးရပြီး သီးနှံထွက်ရှိမှာ အလယ်အလတ်နှုန်းရရှိပါသည်။ မတ်ပဲ ၊ လယ်တွင်စိုက်ပျိုးပြီး သွင်းအားစုနည်း၍ အမြတ်ရရှိမှုမှာ များပြားသဖြင့် စီးပွားဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေး ကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | - |
| လက်တွန်းထွန်စက် | ၄ စီး | - | - | ၄၀ |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၃ စီး | - | - | ၄၀ |
| ရေစုပ်စက် | ၃ လုံး | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု ။လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုနည်းပါးသော်လည်း ယာ/လယ်စိုက်ပျိုးခြင်းကို အဓိကလုပ်ကိုင်ကြောင်းတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများဇယား**

**(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြပါ/ရှင်းလင်းချက်<br>(မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)<br>ဇယား ၁၇ နှင့် ၁၈ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ ☑ အသင့်အတင့်ရှိ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ☑ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑ |
| သဘာဝမြေဆွေး/အော်ဂဲနစ် မြေသြဇာ နှင့်အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ |
| ဓာတုပိုးသတ်ဆေး ၊ ဓါတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရသည် ☐ ရနိုင်သည် ☑ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူရသည် ☐ ရနိုင်သည် ☑ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐<br>သီးနှံများကို ရောင်းချနိုင်သည် ☑ |

**ရင်းမြစ်…(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အစိုးရမှ မျိုးကောင်းမျိုးသန့်များ ၊ နည်းပညာနှင့်ဝန်ဆောင်မှုများ ရရှိရန် လယ်သမားအုပ်စု မှ သက်ဆိုင်ရာ မြို့နယ်သို့ တင်ပြတောင်းခံကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများဇယား**

**(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြပါ/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) ဇယား ၁၇ နှင့် ၁၈ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီလွှာဇာတ်ကောင်း ☐ ရာသီဥတုမမှန် ☑ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ |
| | လယ်ယာမြေဆုံးရှုံးမှုများသည် ☐ |
| | လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ |
| | ပလပ်မြေများရှိသည် ☐ |
| | ပလပ်မြေအသင့်အတင့်ရှိသည် ☐ |
| စိုက်ပျိုးရေးအရင်းအမြစ် | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့် | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| အခြားအော်ဂဲနစ်သွင်းအားစုများ | |
| ဓာတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြား | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| ဓာတုဗေဒ သွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑<br>အနည်းငယ် ☐ မဖြေဆိုပါ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု ၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာမှ သီးနှံထုတ်လုပ်မှုအတွက် အဓိက အခက်အခဲမှာ ရာသီဥတုမမှန်ခြင်း ၊ စိုက်ပျိုးရေအလွယ်တကူမရနိုင်ခြင်း ၊ ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှုအလွယ်တကူမရနိုင်ခြင်းများကို လယ်သမားအုပ်စုများမှ သက်ဆိုင်ရာမြို့နယ်မှ အစိုးရ ဦးစီးဌာနသို့ တင်ပြတောင်းခံကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ–၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၈၇ | ၂၅၃ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | – | – |
| သိုး | – | – |
| ဝက် | ၂၀ | ၂၉ |
| ကြက် | ၈၇ | ၄၈၁ |
| ဘဲ | ၁ | ၂၉ |
| နွားနောက် | – | – |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | – | – |
| ပုဇွန်ကန် | – | – |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | – | – |
| ရေချိုငါးဖမ်းလုပ်ငန်း | – | – |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | – | – |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမား အုပ်စု ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် အိမ်တိုင်း၌ လယ်ယာစိုက်ပျိုးရေးအသုံးပြု ရန် နွားများမွေးမြူထားပါသည်။ ဝက်မွေးမြူရေးအနည်းငယ်ရှိပြီး ကြက်မွေးမြူရေးတွင် မွေးမြူရေး

ကြက်များမဟုတ်ပဲ အိမ်မွေးကြက်များသာ မွေးရှိထားပါသည်။ ဘဲမွေးမြူရေးတွင် အိမ်ထောင်စု (၁)စုထဲမှ လုပ်ကိုင်ပြီး ဘဲများအား စီးပွားဖြစ်မွေးမြူထားကြောင်း တွေ့ရှိရပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

**ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့် ☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင် ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☐ |
| | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင် ☑ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေအသင့်အတင့်ရနိုင် ☑ |
| သွင်းအားစု(မွေးမြူရေးအစာ၊ | သွင်းအားစုများလွယ်ကူစွာဝယ်နိုင်သည် ☐ |
| ဆေးစသည်)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ |
| ဝန်ဆောင်မှုနှင့် | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐ |
| နည်းပညာပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ ရနိုင်သည် ☑ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ |
| | ထုတ်ကုန်များကိုရောင်းချနိုင်သည် ☑ |
| အိမ်ခြံဝန်းအတွင်းမြေနေရာ | အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☑ |
| လုံလောက်မှု | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေ | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ |
| အနေအထား | |
| ငါး/ပုဇွန်သားပေါက် | လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ |
| လက်လှမ်းမီမှု | ဝယ်ယူရရှိနိုင်သည် ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည် ☐ |
| | ချေးငွေရရှိနိုင်သည် ☐ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာဝယ်ယူနိုင်သည် ☐ |
| | သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ |
| နည်းပညာအကူအညီနှင့် | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည် ☐ |
| နည်းလမ်းများ | နည်းပညာဝန်ဆောင်မှုများ ရနိုင်သည် ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် |
| | ထုတ်ကုန်များကိုရောင်းချနိုင်သည် ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့်လွယ်ကူသည် ☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေအသင့်အတင့်ရှိပါသည်။ မွေးမြူရေးအတွက် ရေလုံလောက်မှုရှိပါသည်။ မွေးမြူရေးအတွက် ပက်မြန်မာ

မှလည်း ဈေးငွေများရရှိပါသည်။ တိရိစ္ဆာန်မွေးမြူရန် မြေနေရာလုံလောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

## (၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

**ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေရှားပါးသည် ☑ စားကျက်မြေလုံးဝမရှိပါ ☐ |
| ရေရရှိမှု | ရေရှားပါးသည် ☑ ရေလုံးဝမရှိပါ ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင် ☑ |
| | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင် ☐ |
| ဈေးငွေ | ဈေးငွေလွယ်ကူစွာမရနိုင်ပါ ☑ ဈေးငွေလုံးဝမရပါ ☐ |
| သွင်းအားစု(မွေးမြူရေးအစာ၊ | သွင်းအားစုများလွယ်ကူစွာ ဝယ်ယူမရနိုင်ပါ ☑ |
| ဆေးစသည်)ဈေးကွက် | သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ |
| ဝန်ဆောင်မှုနှင့် | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရနိုင်ပါ ☑ |
| နည်းပညာပံ့ပိုးမှု | နည်းပညာဝန်ဆောင်မှုများ မရပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ |
| | ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ |
| အိမ်ခြံဝန်းအတွင်းမြေနေရာ | အလုံအလောက်မရှိပါ ☑ လုံးဝမရှိပါ ☐ |
| လုံလောက်မှု | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေ | ရေမြေအနေအထားမကောင်းပါ ☐ |
| အနေအထား | |
| ငါး/ပုဇွန်သားပေါက် | လိုသလောက်လွယ်ကူစွာဝယ်ယူ မရပါ ☐ |
| လက်လှမ်းမီမှု | လုံးဝဝယ်ယူမရပါ ☐ |
| ဈေးငွေ | လိုသလောက်လွယ်ကူစွာဈေးငွေ မရပါ ☐ |
| | လုံးဝဈေးငွေမရပါ ☐ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာဝယ်ယူ မရပါ ☐ |
| | သွင်းအားစုများ ဝယ်ယူမရပါ ☐ |
| နည်းပညာအကူအညီနှင့် | နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရပါ ☐ |
| နည်းလမ်းများ | နည်းပညာဝန်ဆောင်မှုများ မရပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ |
| | ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူပါသည် ☐ မလွယ်ကူပါ ☐ |

**ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု ၊ (၂) မြို့နယ်မွေး/ကုဦးစီးဌာန ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ။**

**လေ့လာတွေ့ရှိချက်။** ။ ကံကြီး(တ)ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများတိုးတက်စေရန် အတွက် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များရရှိရန်နှင့် တိရိစ္ဆာန်အစာလွယ်ကူစွာရရှိရန်လိုအပ် လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

**ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။) |
|---|---|
